**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၈၁၉ /၂၀၁၉)

၁၃၈၀ ခုနှစ်၊ ပြာသိုလဆန်း(၉)ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

အကြောင်းအရာ။ **ပထမအကြိမ် အိတ်ဖွင့်တင်ဒါအောင်မြင်ခဲ့သည့် တင်ဒါလုပ်ကွက်ဧရိယာ (၁၀၈၂၄)ဧကအနက် (၉၈၂၄)ဧကအား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၂-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ (သစ်တော) ၃(၂)/၀၃(ခ)(၂၄၅၇/၂၀၁၈)

၁။ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်(၈)ခုရှိ သစ်တောမြေ(၂၅၅,၅၅၅)ဧက၊ လုပ်ကွက်(၉၇) ကွက်တို့ကို ပထမအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တိုင်းဒေသကြီး(၆)ခုရှိ သစ်တောမြေ (၈၇,၀၇၉)ဧက၊ လုပ်ကွက်(၃၅)ကွက်၊ လုပ်ငန်းရှင်(၁၉)ဦးတို့မှ တင်ဒါအောင်မြင်သူများအဖြစ် ၂၉-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ လင/စခ/၀၃၅(၄၃၂-၄၆၀/၂၀၁၅)၊ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။

၂။ အဆိုပါတင်ဒါအောင်မြင်သူများအနက် Resources Group Mining & Manufacturing Co.,Ltd မှ တင်ဒါအောင်မြင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ တင်ဒါလုပ်ကွက်အမှတ်(၃၈၊ ၃၉၊ ၄၀)၊ စုစုပေါင်းဧရိယာ(၁၀၈၂၄)ဧကအနက်မှ ဧရိယာ(၉၈၂၄) ဧကအား ကုမ္ပဏီမှ ပြန်လည်အပ်နှံလာခြင်းအပေါ် ၁၁-၆-၂၀၁၈ ရက်နေ့၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆိုင်ရာ တင်ဒါလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီ၏ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၏ ရည်ညွှန်းပါခွင့်ပြုချက် နှင့် နှစ်ရှည်မြေငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ် စည်းကမ်းအပိုဒ် ၁၃-၁ (လ)တို့အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန